**ဤစာရွက်စာတမ်းသည် အရေးကြီးစာရွက်စာတမ်းဖြစ်ပြီး ချက်ချင်းဂရုပြုရန် လိုအပ်ပါသည်။**

**(နှစ်ပတ်လည်အစီရင်ခံစာနှင့် အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်းများကို CD တွင် ရေးသွင်း၍ ပူးတွဲပါဖြင့် ပေးပို့အပ်ပါသည်။)**

သင့်အနေနှင့် ဤစာရွက်စာတမ်းတွင်ပါဝင်သော အချက်အလက်များ၊ လုပ်ဆောင်ရန်များနှင့် စပ်လျဉ်း၍ အကူအညီလိုအပ်ပါက ရှေ့နေ၊ စာရင်းကိုင် (သို့မဟုတ်) အခြားကျွမ်းကျင်သူ ပညာရှင်နှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

အမြတ်ဝေစုနှင့် Bonus Shares ခံစားခွင့်ကို ၄–၈–၂၀၁၇ ရက်နေ့တွင် ပိုင်ဆိုင်ထားသည့် အစုရှယ်ယာအရေအတွက်အတိုင်း ရယူခွင့်ရှိမည်ဖြစ်သည်။ ယခုအကြောင်းကြားစာပေးပို့ချိန်မှ ၄–၈–၂၀၁၇ ရက်အကြား အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချခဲ့ပါက First Myanmar Investment Co., Ltd. (FMI Co., Ltd.) နှင့် ဆက်သွယ်၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဤစာရွက်စာတမ်းအား ပူးတွဲပေးပို့ထားသည့် CD ခွေတွင်ပါရှိသော ၃၁–၃–၂၀၁၇ ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာ၊ နှစ်ချုပ်စာရင်းတို့နှင့် ဆက်စပ်လေ့လာသင့်ပါသည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ အစုရှယ်ယာရှင်ကိုယ်တိုင် မတက်ရောက်နိုင်ပါက မိမိကိုယ်စား တက်ရောက်မဲပေးနိုင်ရန် **"နှစ်ပတ်လည်အစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာ" ကို ဖြည့်စွက်၍** FMI Co., Ltd. ရုံးခန်းသို့ **အစည်းအဝေးမကျင်းပမီ (၂)ရက်** ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

F M I

**FIRST MYANMAR INVESTMENT COMPANY LIMITED**

A Public Company Listed on the Yangon Stock Exchange
Company Registration No. 159/92-93 | YSX Code 00001

# (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားစာ

**အစည်းအဝေးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားပါမည်။**

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်၊ (တနင်္ဂနွေနေ့) |
| စာရင်းသွင်းရန်အချိန် | – | နံနက် (၈း၀၀)နာရီ |
| အချိန် | – | နံနက် (၁၀း၀၀)နာရီမှ နေ့လယ် (၁း၀၀)နာရီထိ |
| နေရာ | – | အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

# အပိုဆုအစုရှယ်ယာ (Bonus Share) ထုတ်ဝေခြင်းအကြောင်း

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ။

First Myanmar Investment Co., Ltd. သည် အစုရှယ်ယာရှင်များ၏ အကျိုးခံစားခွင့်အဖြစ်၊ ကုမ္ပဏီသက်တမ်းတလျှောက် စုစည်းခဲ့သည့် ကုမ္ပဏီအရံငွေဖြစ်သော ရှယ်ယာပရီမီယံရငွေအနက် အချို့ကိုအသုံးပြု၍ ကုမ္ပဏီမှထုတ်ဝေထားသော အစုရှယ်ယာ (၂၃,၄၈၀,၀၁၃) စုအတွက် (၁၀)စုလျှင် (၁)စုကျ "အပိုဆု" (Bonus Share) ထုတ်ဝေပေးရန် ဒါရိုက်တာအဖွဲ့အနေနှင့် ဆုံးဖြတ်ခဲ့ပါသည်။

ယင်း Bonus Share ထုတ်ဝေပေးရန် အစုရှယ်ယာရှင်တိုင်း၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့ (the "Last Day to Trade") တွင်ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်(၁၀)စုလျှင် အစုရှယ်ယာအသစ် (၁)စုစီကို Bonus Share အဖြစ် ရရှိမည်ဖြစ်ပါသည်။ ယင်းအစုရှယ်ယာများအား ကုမ္ပဏီအရံငွေဖြင့် ပေးချေထုတ်ဝေခြင်းကြောင့် အစုရှယ်ယာရှင်အနေနှင့် ငွေပေးသွင်းရန်မလိုဘဲ အစုရှယ်ယာအသစ်ရရှိမည်ဖြစ်ပြီး၊ ယင်း အစုရှယ်ယာအသစ်တိုင်းသည် ယခင်ထုတ်ဝေထားသော အစုရှယ်ယာများနှင့် တန်းတူအခွင့်အရေး ရရှိမည်ဖြစ်သည်။ ယခုထုတ်ဝေမည့် Bonus Share များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုရရှိမည် မဟုတ်ဘဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှသာ အမြတ်ဝေစုခံစားခွင့်ရရှိမည် ဖြစ်ပါသည်။

(၁) အစုရှယ်ယာထုတ်ဝေရာတွင် တစ်စိတ်တစ်ပိုင်းရှယ်ယာများကို ထုတ်ဝေပေးမည် မဟုတ်ပါ။

(၂) စားကြွင်းမပြတ်သော အစုရှယ်ယာများကို အနီးစပ်ဆုံးအရေအတွက်အထိ လျှော့ချထုတ်ဝေပေးမည် ဖြစ်ပါသည်။ ဥပမာ- အစုရှယ်ယာ (၅၅)စု ပိုင်ဆိုင်ပါက (၁၀)စု (၁)စု အချိုးအရ Bonus Share (၅)စု ခံစားခွင့်ရှိပါမည်။

(၃) Securities ကုမ္ပဏီ တစ်ခုတွင်သာမက အခြား Securities ကုမ္ပဏီတွင်ပါ စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအား သက်ဆိုင်ရာကုမ္ပဏီအသီးသီးရှိ စာရင်းလက်ကျန်အလိုက် သတ်မှတ်ထုတ်ဝေပေးမည်ဖြစ်၍ စာရင်းများပေါင်းလိုလျှင် ၄-၈-၂၀၁၇ ရက်နေ့မတိုင်မီ ၎င်း Securities ကုမ္ပဏီများနှင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် (၁၀)လီစိတ်အချိုးညီစေရန် ရှယ်ယာများ ထပ်မံဝယ်ယူလိုပါက ဆောင်ရွက်နိုင်ပါသည်။ ထိုကဲ့သို့ ရှယ်ယာဝယ်ယူခြင်းကို (the "Last Day to Trade") နောက်ဆုံးထားဝယ်ယူမှသာ အဆိုပြုအမြတ်ဝေစုနှင့် Bonus Share ကို ရရှိမည်ဖြစ်ပါသည်။

ဥပမာ- အစုရှယ်ယာ (၃၀)စု ပိုင်ဆိုင်သော အစုရှယ်ယာရှင်သည် Securities ကုမ္ပဏီ (က)တွင် ဖွင့်လှစ်ထားသော စာရင်းလက်ကျန် (၁၅)စုနှင့် Securities ကုမ္ပဏီ (ခ)တွင် ဖွင့်လှစ်ထားသော စာရင်းလက်ကျန် (၁၅)စု ရှိသည်ဆိုပါက အဆိုပါအစုရှယ်ယာရှင် ရရှိမည့် Bonus Share သည် (၂)စု ဖြစ်ပါသည်။ (၃)စု မဟုတ်ပါ။

## သတိပြုရန်အရေးကြီးရက်စွဲများ

| | |
|---|---|
| နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့်ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက် |
| ရှယ်ယာအရောင်းအဝယ်ပြုရမည့် နောက်ဆုံးရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၄)ရက် |
| အမြတ်ဝေစု ခွဲဝေပြီးနောက်ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၇)ရက် |
| အမြတ်ဝေစု ခွဲဝေပေးမည့်စာရင်း အတည်ပြုရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၉)ရက် |
| ရှယ်ယာအရောင်းအဝယ် ရပ်ဆိုင်းထားမည့်ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၇)ရက်မှ (၁၄)ရက်ထိ |
| အမြတ်ဝေစု ထုတ်ပေးမည့်ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက် |

FMI Co., Ltd. အနေဖြင့် အစုရှယ်ယာရှင်များထံသို့ ကုမ္ပဏီ၏အချက်အလက်များ ပိုမိုပြည့်စုံစွာရောက်ရှိရန် ရည်ရွယ်လျက် ခေတ်နှင့်အညီ Electronic Version အဖြစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်းများကို CD တွင် ရေးသွင်း၍ ပူးတွဲပါဖြင့် ပေးပို့အပ်ပါသည်။ အဆိုပါစာရွက်စာတမ်းများအား http://www.fmi.com.mm မှ Download ၍လည်း ရယူနိုင်ပါသည်။ နှစ်ပတ်လည်အစီရင်ခံစာ စာအုပ်ကို ရယူလိုပါက FMI Co., Ltd. တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ -

ရန်ကုန်ရုံးချုပ် - FMI Centre ၊ အမှတ်-၃၈၀၊ ၁၀-ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၄၀၃၆၃၊ ၂၄၀၃၇၃၊ ၂၄၀၃၈၃ | Web: fmi.com.mm | Email: fmi@spa-mm.com

# နှစ်ပတ်လည်အထွေထွေအစည်းအဝေးအကြောင်းကြားစာ

စာအမှတ် – AC-02/2001(484/2017)
နေ့စွဲ – ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၇)ရက်။

First Myanmar Investment Co., Ltd. ၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ရန်ကုန်မြို့၊ အမျိုးသားဇာတ်ရုံတွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်၊ နံနက် (၁၀း၀၀)နာရီ အချိန်တွင် စတင်ကျင်းပမည်ဖြစ်ပြီး၊ အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မည်ဖြစ်ပါသည်။

၁။ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်းနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို အတည်ပြုရန်။
၂။ ၂၀၁၆–၂၀၁၇ ခုနှစ်အတွက် အမြတ်ဝေစုနှင့် Bonus Share ထုတ်ဝေမှုကို အတည်ပြုရန်။
၃။ ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျတာဝန်ထမ်းဆောင်မှုနှင့် ခန့်အပ်မှုအတည်ပြုရန်။
၄။ Myanmar Vigour & Associates Limited ("Deloitte Myanmar") အား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အဖြစ်ခန့်အပ်ရန်။

ထွန်းထွန်း
အလုပ်အမှုဆောင်ဒါရိုက်တာ

* ပူးတွဲပေးပို့သည့် စာရွက်စာတမ်းများ

| | | |
|---|---|---|
| (၁) | နှစ်ပတ်လည်အစည်းအဝေးတက်ရောက်ခွင့်ပုံစံနှင့် အမြတ်ဝေစုရင်းတမ်း | --- မျက်နှာဖုံးစာရွက် |
| (၂) | နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားစာ | --- စာမျက်နှာ– ၁ |
| (၃) | မဲဆန္ဒပေးရန် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းပုံစံ | --- စာမျက်နှာ– ၄ |
| (၄) | ၂၀၁၆–၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ကုမ္ပဏီ၏ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာ | --- ပူးတွဲပါ CD ခွေ |
| (၅) | ဒါရိုက်တာများ အလှည့်ကျဆောင်ရွက်ခြင်း | --- ပူးတွဲပါ CD ခွေ |
| (၆) | အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်အဖြစ် (အရွေးခံ/ အရွေးမခံ)ခြင်းပုံစံ | --- ပူးတွဲပါ CD ခွေ |

* မှတ်ချက်

၁။ အစည်းအဝေးသို့ တက်ရောက်မဲပေးခွင့်ရှိသော အစုရှယ်ယာရှင်သည် ကိုယ်စားလှယ်ခန့်အပ်၍ မိမိကိုယ်စား တက်ရောက်မဲပေးခွင့်ရှိသည်။ ကိုယ်စားလှယ်သည် အစုရှယ်ယာရှင်ဖြစ်ရန် မလိုအပ်ပါ။ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကိုယ်စားလှယ်ခန့်အပ်ထားခြင်းသည် အစုရှယ်ယာရှင်ကိုယ်တိုင် အစည်းအဝေးတက်ရောက် မဲပေးခွင့်ကို ကန့်သတ်ထားခြင်း မရှိပါ။

၂။ ကိုယ်စားလှယ်ခန့်အပ်ခြင်း စည်းမျဉ်းစည်းကမ်းနှင့်အညီ အတည်ဖြစ်စေရန် စာမျက်နှာ(၄)တွင်ပါဝင်သော ကိုယ်စားလှယ်လွှဲစာကို ဖြည့်စွက်လက်မှတ်ရေးထိုး၍ **FMI Co., Ltd. ရုံးခန်းသို့ အစည်းအဝေးမတိုင်မီ (၂)ရက်** ကြိုတင်၍ရောက်ရှိရန် လိုအပ်ပါသည်။

၃။ အမည်ပူးတွဲမှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များအနေနှင့် ရှေ့တွင်ဖော်ပြထားသော အစုရှယ်ယာရှင်၏ မဲသာလျှင် အတည်ဖြစ်သည်။

၄။ ယခုနှစ်တွင် နုတ်ထွက်ပေးရန် အလှည့်ကျသည့်ဒါရိုက်တာများမှာ ဦးမြတ်သင်းအောင်၊ ဦးသန်းအောင် နှင့် ဦးထွန်းထွန်း တို့ဖြစ်ပါသည်။

၅။ ငွေစာရင်းရှင်းတမ်းနှင့် ပတ်သက်သော မေးမြန်းချက်များကို ဤကုမ္ပဏီသို့ ၂၄–၇–၂၀၁၇ ရက် (တနင်္လာနေ့) ညနေ (၄း၀၀) နာရီ နောက်ဆုံးထား၍ ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

FIRST MYANMAR INVESTMENT CO., LTD.
A Public Company Listed on the Yangon Stock Exchange
Company Registration No. 159/92-93 | YSX Code 00001

## PROXY FORM ANNUAL GENERAL MEETING

## နှစ်ပတ်လည်အစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာပုံစံ

First Myanmar Investment Co., Ltd. (FMI Co., Ltd.) ၏ အစုရှယ်ယာရှင်တစ်ဦးဖြစ်သူ ကျွန်ုပ် ---------------------၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------၊ သည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၁၀း၀၀)နာရီတွင် ရန်ကုန်မြို့၊ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်မည့် FMI Co., Ltd. ၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးတွင် မဲဆန္ဒပေးခွင့်ရှိသူ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူအဖြစ် အောက်တွင်ဖော်ပြထားသောပုဂ္ဂိုလ်အား ရွေးချယ် ခန့်အပ်ပါသည်။

* ကျေးဇူးပြု၍ အကွက်အတွင်း ☑ လုပ်ပါ။

* အောက်ပါ ပုဂ္ဂိုလ်(၃)ဦးအနက်မှ (၁)ဦး (သို့မဟုတ်) အခြားပုဂ္ဂိုလ်အား ရွေးချယ်ခွင့်ရှိသည်။

☐ ဦးသိမ်းဝေ
ဥက္ကဋ္ဌ

☐ ဦးမြတ်သင်းအောင်
ဒု-ဥက္ကဋ္ဌ

☐ ဦးလင်းမြိုင်
အလုပ်အမှုဆောင်ဒါရိုက်တာ

☐ အခြားပုဂ္ဂိုလ် အမည် --------------------၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------၊

* ရှယ်ယာရှင်များ၏ မဲဆန္ဒပေးရန် အောက်ပါဆုံးဖြတ်ချက်များကို ☑ လုပ်ပါ။

* ဆုံးဖြတ်ချက် တစ်ခုထက်ပို၍ အမှတ်ခြစ်ပါက မဲမှပယ်ဖျက်ခြင်း ခံရမည်ဖြစ်သည်။

| | ဆုံးဖြတ်ချက် | ထောက်ခံ | ကန့်ကွက် | ကြားနေ |
|---|---|---|---|---|
| ၁။ | ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာအား အတည်ပြုရန်၊ | | | |
| ၂။ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုနှင့် Bonus Share ထုတ်ဝေမှုအား အတည်ပြုရန်၊ | | | |
| ၃။ | ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျနှုတ်ထွက်ခြင်းနှင့် ပြန်လည်ခန့်ထားရန်၊<br>(က) ဦးမြတ်သင်းအောင် (ဒု-ဥက္ကဋ္ဌ) | | | |
| | (ခ) ဦးသန်းအောင် (ဒါရိုက်တာ) | | | |
| | (ဂ) ဦးထွန်းထွန်း (ဒါရိုက်တာ) | | | |
| ၄။ | ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် Myanmar Vigour & Associates Limited ("Deloitte Myanmar") အား ကုမ္ပဏီစာရင်းစစ်အဖြစ် ခန့်အပ်ရန်၊ | | | |

ရက်စွဲ ------------------ လက်မှတ် -------------------

* မှတ်ချက်

၁။ အစည်းအဝေးသို့ တက်ရောက်မဲပေးခွင့်ရှိသော အစုရှယ်ယာရှင်သည် ကိုယ်စားလှယ်ခန့်အပ်၍ မိမိကိုယ်စား တက်ရောက်မဲပေးခွင့်ရှိသည်။

၂။ ကိုယ်စားလှယ်သည် အစုရှယ်ယာရှင်ဖြစ်ရန် မလိုပါ။

၃။ အမည်ပူးတွဲ မှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များအနေနှင့် ရှေ့တွင်ဖော်ပြထားသော အစုရှယ်ယာရှင်၏မဲသာလျှင် အတည်ဖြစ်သည်။

၄။ **ဤကိုယ်စားလှယ်လွှဲစာကို ၂၆-၇-၂၀၁၇ ဗုဒ္ဓဟူးနေ့ ညနေ (၄း၀၀)နာရီ နောက်ဆုံးထား၍ ကုမ္ပဏီရုံးသို့ အရောက်ပို့ပေးပါရန်။**

Folding Line

သို့

တံဆိပ်ခေါင်း
ကပ်ရန်

**FIRST MYANMAR INVESTMENT CO., LTD.**

A Public Company Listed on the Yangon Stock Exchange

Company Registration No. 159/92-93 | YSX Code 00001

FMI Centre ၊ ၁၀–ထပ်၊
အမှတ်– ၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

Folding Line

# (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

နှစ်ပတ်လည်အထွေထွေအစည်းအဝေးမတက်ရောက်နိုင်သော အစုရှယ်ယာရှင်များသည်
မေးမြန်းလိုသည့်အချက်များရှိပါက ဤစာရွက်တွင်ရေးသား၍ ၂၄–၇–၂၀၁၇ ရက်နောက်ဆုံးထား၍
FMI Co., Ltd. သို့ ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

အမည် –
နိုင်ငံသားစိစစ်ရေးကတ်အမှတ် –
အစုရှယ်ယာပေါင်း –
နေရပ်လိပ်စာ –

ရက်စွဲ – ၂၀၁၇ ခုနှစ်၊ လ၊ ( )ရက်။

---

**ဆွေးနွေး / မေးမြန်း / အကြံပြုချက်များ**

---

Folding Line

သို့

တံဆိပ်ခေါင်း
ကပ်ရန်

**FIRST MYANMAR INVESTMENT CO., LTD.**

A Public Company Listed on the Yangon Stock Exchange

Company Registration No. 159/92-93 | YSX Code 00001

FMI Centre၊ ၁၀-ထပ်၊
အမှတ်- ၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

Folding Line

FMI Co., Ltd. ၏
**သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း ပုဒ်မ ၈၈။**
**ဒါရိုက်တာများ အလှည့်ကျဆောင်ရွက်ခြင်း**

၈၈။ FMI Co., Ltd. ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းအရ ဒါရိုက်တာများသည် ကုမ္ပဏီ၏ပထမဆုံးသာမန်အစည်းအဝေးတွင် ဒါရိုက်တာအားလုံး နုတ်ထွက်ပေးရမည်။ ယင်းနောက် နှစ်စဉ်ကျင်းပသော သာမန်အစည်းအဝေးတိုင်းတွင် ယင်းကာလ၌ ဆောင်ရွက်နေသော ဒါရိုက်တာများ၏ သုံးပုံတစ်ပုံ (သို့) အရေအတွက်သည် သုံးဦးမဟုတ်လျှင် (သို့) သုံးနှင့်စား၍မပြတ်သော ဒါရိုက်တာများ အရေအတွက်သည် နုတ်ထွက်ပေးရမည်။ မန်နေးဂျင်းဒါရိုက်တာ တစ်ဦးဖြစ်သည့် ဒါရိုက်တာတစ်ဦးကိစ္စတွင် စည်းမျဉ်း (၇၈–က)အတိုင်း အကျိုးသက်ရောက်စေရမည်။

Corporate Governance စည်းမျဉ်းစည်းကမ်းများအရ ဒါရိုက်တာအဖွဲ့ဝင်ခန့်အပ်ရာတွင် Nomination Committee ၏ အရည်အချင်းစိစစ်သတ်မှတ်ခြင်းကို ခံယူရန်လိုအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင် (၃)ဦးဖြစ်သည့်

(၁) ဦးမြတ်သင်းအောင် (ဒု–ဥက္ကဋ္ဌ)
(၂) ဦးသန်းအောင် (ဒါရိုက်တာ)
(၃) ဦးထွန်းထွန်း (ဒါရိုက်တာ)

တို့သည် သင်းဖွဲ့စည်းမျဉ်းအရ နှစ်ပတ်လည်အစည်းအဝေးတွင် အလှည့်ကျနုတ်ထွက်ပေးရမည့်သူများ ဖြစ်ပါသည်။

နုတ်ထွက်သည့် ဒါရိုက်တာများအနက် ဦးမြတ်သင်းအောင်၊ ဦးသန်းအောင် နှင့် ဦးထွန်းထွန်း တို့အား Nomination Committee မှ အရည်အချင်းစိစစ်ပြီး ပြန်လည်အရွေးချယ်ခံရန် ခွင့်ပြုထားပါသည်။ ဒါရိုက်တာအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပုဂ္ဂိုလ်များသည် Nomination Committee ၏ အရည်အချင်းစိစစ်မှုကိုခံယူပြီးနောက် ယင်းပုဂ္ဂိုလ်များနှင့် ယှဉ်ပြိုင်အရွေးခံရမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဒါရိုက်တာ(၃)ဦး နေရာတွင် အစားထိုးခန့်ထားနိုင်ရန်အတွက် ယှဉ်ပြိုင်အရွေးခံမည့် ပုဂ္ဂိုလ်များအနေဖြင့် ယှဉ်ပြိုင်အရွေးခံရန်အတွက် လိုအပ်သည့်ပုံစံများတွင် ဖြည့်စွက်၍ ၁၂–၇–၂၀၁၇ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပြန်လည်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သို့

Nomination Committee
First Myanmar Investment Co., Ltd.
FMI Centre၊ အမှတ်-၃၈၀၊ ၁၀-ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၁၇ ခုနှစ်၊ လ၊ ( ) ရက်။

အကြောင်းအရာ ။ ။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်ပါဝင်အရွေးခံရန်အဆိုပြုလွှာ။

လူကြီးမင်းခင်ဗျာ -

First Myanmar Investment Co., Ltd. ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို လိုက်နာလျက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များ ပြန်လည်ရွေးချယ်ခန့်အပ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်အရွေးချယ်ခံလိုကြောင်း အဆိုပြုပါသည်။

| | |
|---|---|
| အဆိုပြုသူလက်မှတ် | ------------------------------------- |
| အဆိုပြုသူအမည် | ------------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ------------------------------------- |
| နေရပ်လိပ်စာ | ------------------------------------- |
| | ------------------------------------- |
| | ------------------------------------- |
| ဖုန်း | ------------------------------------- |

ပူးတွဲပါ -

၁။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်။

၂။ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်။

*** ၁၂-၇-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ(၄း၀၀) နာရီနောက်ဆုံးထားပေးပို့ရန်နှင့် ၎င်းအချိန်ထက်ကျော်လွန်ပါက Nomination Committee မှ လက်ခံမည်မဟုတ်ကြောင်းကို သိရှိနားလည် သဘောပေါက်ပါသည်။**

## (၁) ကိုယ်ရေးအချက်အလက်များ

| | | | |
|---|---|---|---|
| အမည် | | | |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် | | မွေးသက္ကရာဇ် | |
| ပညာအရည်အချင်း | | လူမျိုး/ ဘာသာ | |
| အဖအမည် | | အမိအမည် | |
| နေရပ်လိပ်စာ | အိမ်အမှတ်– | လမ်း– | ရပ်ကွက်– |
| | မြို့နယ်– | မြို့– | တိုင်းဒေသကြီး– |
| ဖုန်း | ရုံး– | အိမ်– | ဖက်(စ်)– |
| | လက်ကိုင်ဖုန်း– | | |
| အီးမေးလ် | | | |
| ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ နှင့် ရရှိခဲ့သည့်ခုနှစ် | | | |

## (၂) မိသားစုဝင်စာရင်း

| စဉ် | အမည် | တော်စပ်ပုံ | လိပ်စာ | အလုပ်အကိုင် | FMI ရှယ်ယာအရေအတွက် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

## (၃) လွန်ခဲ့သည့် (၅)နှစ်အတွင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခဲ့မှုများ

| စဉ် | လုပ်ငန်းအဖွဲ့အစည်းအမည် | ရာထူး | ရက်စွဲ | | လုပ်ငန်းအမျိုးအစား |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

## (၄) လွန်ခဲ့သည့် (၅)နှစ်အတွင်း လူမှုရေးနှင့်ဘာသာရေးအဖွဲ့အစည်းများတွင် လုပ်ကိုင်ဆောင်ရွက်မှုများ

| စဉ် | လုပ်ငန်းအဖွဲ့အစည်းအမည် | ရာထူး | ရက်စွဲ | | လုပ်ငန်းအမျိုးအစား |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

အထက်တွင်ဖော်ပြထားသည့် ကိုယ်ရေးဆိုင်ရာအချက်အလက်များသည် ကျွန်ုပ်ကိုယ်တိုင် မှန်ကန်စွာဖြည့်စွက်ထားကြောင်း လက်မှတ်ရေးထိုးပါသည်။

ရက်စွဲ – ၂၀၁၇ ခုနှစ်၊ လ၊ ( )ရက်။

လက်မှတ် ----------------------------

အမည် ----------------------------

ကိုယ်ရေးရာဇဝင်အကျဉ်း